**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA/SSE/NM/၁၇/၂၀၂၄

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၆ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၆-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ မဇ-၁(ဝ၁)/၁-၄၃(၂၀၂၄)/၂၄၁၈

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၅-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ DMA/SSE/NM/၁၆/၂၀၂၄

၁။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် မြောက်-အရှေ့မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အားကောင်းသောမုန်တိုင်းငယ် (Deep Depression)အဖြစ်သို့ရောက်ရှိခဲ့မှု အခြေအနေနှင့် ပတ်သက်၍ ရည်ညွှန်းချက်(၂)ပါစာဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရေကြောင်းသတိပေးချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အားကောင်းသောမုန်တိုင်းငယ် (Deep Depression)သည် ဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)" (REMAL) အဖြစ်သို့ ရောက်ရှိခဲ့ပြီးနောက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၆-၅-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၉:၃၀) နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ် အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) "ရီမယ်(လ်)" (REMAL)သည် မြောက်ယွန်းယွန်းသို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "ရီမယ်(လ်)" (REMAL) အဖြစ်သို့ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ၊ သံတွဲမြို့ (Thandwe) ၏ အနောက်-အနောက်မြောက်ဘက် ရေမိုင်(၂၉၀)မိုင်ခန့်၊ စစ်တွေမြို့(Sittwe)၏ အနောက်-အနောက်တောင်ဘက် ရေမိုင်(၂၀၅)မိုင်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ခီပူပါရာမြို့ (Khepupara) ၏တောင်-အနောက်တောင်ဘက် ရေမိုင်(၁၅၅) မိုင်ခန့်၊ မွန်ဂလမြို့ (Mongla)၏ တောင်ဘက်ရေမိုင်(၁၈၅)မိုင်ခန့်၊ အိန္ဒိယ

နိုင်ငံ၊ အနောက် ဘင်္ဂလားပြည်နယ်၊ ဆာဂါ ကျွန်း(Sagar Island)၏ တောင်-အရှေ့တောင်ဘက် ရေမိုင်(၁၅၀)မိုင်ခန့်၊ ဒီဂါမြို့ (Digha)၏ တောင်-အရှေ့ တောင်ဘက် ရေမိုင်(၁၆၀)မိုင်ခန့်နှင့် ကန်နင်းမြို့(Canning)၏ တောင်-အရှေ့ တောင်ဘက် ရေမိုင်(၁၇၀) မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "ရီမယ်(လ်)" (REMAL)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားပါသည်။

၃။ အဆိုပါအားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)"(REMAL)သည် ၂၆-၅-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန်(၀၉:၃၀)နာရီအချိန်တွင်မြောက်လတ္တီကျူ (၁၉.၅)ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ (၈၉.၃)ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား (၉၈၂) ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင်(၆၀)နှုန်းခန့်ဖြစ်ပါသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)"ရီမယ်(လ်)"(REMAL)သည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ၂၆-၅-၂၀၂၄ ရက်နေ့ ညပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ခီပူပါရာမြို့နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ၊ ဆာဂါကျွန်းတို့အကြား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မွန်ဂလမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းထားပါသည်။

၄။ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)" (REMAL)၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ (၉)ပေမှ (၁၂)ပေခန့်ရှိနိုင်ပါသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် (၄၅)မိုင်မှ (၅၅)မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ (၁၃)ပေ မှ (၁၆)ပေခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

၅။ အဆိုပါခန့်မှန်းချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)" (REMAL)၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် လေပြင်း

တိုက်ခတ်ခြင်း၊ မိုးကြီးခြင်းနှင့်လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကမ်းရိုး တန်းသွား ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင် စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် စက်တပ် သမ္ဗန်များ ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပူးတွဲ - အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းရီမယ်(လ်)(REMAL) ခန့်မှန်းလမ်းကြောင်းပြမြေပုံ**

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

# ၂၆-၅-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၀၉:၃၀ )နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ရီမယ်(လ်) (REMAL) ခန့်မှန်းလမ်းကြောင်းပြမြေပုံ

ပူးတွဲ

